的细菌 / ရောဂါ ～ သည်။ 免疫。 II သ၊ <pyi:> 连接两个动作时用，表示"并"，"而"： မြို့ထဲသွား～အဝတ်အစားဝယ်သည်။ 进城买衣服。

**ပြီးကပစ်** ကဝ၊ <pyi: g-byit> 随便，胡乱，草率： မုတ်ဆိတ်ကို ～ ရိတ်လဲပြီးတာပဲ။ 随便刮刮胡子就行了。

**ပြီးကပျောက်** ကဝ၊ <pyi: g-byaut> = ပြီးကပစ်

**ပြီးကုံ** က၊ <pyi: gon> (古)完满，圆满

**ပြီးချော** က၊ <pyi: gyaw:> 顺利完成

**ပြီးငြိမ်း** က၊ <pyi: nyein:> (困难、案件、问题等)已解决，完结，了结

**ပြီးစလွယ်** ကဝ၊ <pyi: z-lwe> 马马虎虎；草率： ～ ကောက်ချက်ချခဲ့တယ်။ 曾经草率地下了结论。/ မချောခရင်ကသူ့အား ～ အတိုချုံး၍ပြောပြလိုက်သည်။ 玛乔英简略地告诉了他。/ အလုပ်ကို ～ မလုပ်နဲ့။ 别马虎从事。

**ပြီးစီး** က၊ <pyi: zi:> 完结，完成： အလုပ်တာဝန် ～ ယင်ဘယ်သွားမလဲ။ 完成任务后你到哪去?

**ပြီးစီးပြည့်စုံ** က၊ <pyi: zi: pyei' zon> 圆满，完满，完美： ဘယ်ကိစ္စမဆို ～ ပြီရယ်လို့မရှိနိုင်ပါဘူး။ 无论什么事都不是完美无缺的。/ ကျနော့်အတွက်တော့ဒီလောက်ဆိုယင်ပဲ ～ ပါပြီ။ 对我来说这样已经不错了。

**ပြီးဆေး** န၊ <pi: zei:> (迷信)能使人刀枪不入的药物

**ပြီးဆုံး** က၊ <pyi: hson:> 完结，了结： ထိုအမှုသည် ～ ပါပြီ။ 这个案子已经了结了。

**ပြီးတော့** သ၊ <pyi: daw'> 而且，并且，之后： မြို့ထဲသွား～ရုပ်ရှင်ကြည့်တယ်။ 进城去看电影。/ ဒါ ～ ဘာလုပ်ရအုံးမလဲ။ 这完了还干什么?

**ပြီးနောက်** သ၊ <pyi: naut> 之后，以后： ထမင်းစား ～ လမ်းလျှောက်သွားတယ်။ 吃完饭后去散步。

**ပြီးပြီ** ပ၊ <pyi: byi> 表示动作已完成： စား ～ ။ 吃完了。/ အိပ် ～ ။ 睡过了。

**ပြီးပြီးပျောက်ပျောက်** ကဝ၊ <pyi: byi: pyaut pyaut> 事情过去就算了(不记在心上)： ဒီလူကတော့ ～ ပဲ။ 这个人吵过就完了，不记在心上。

**ပြီးပြေ** က၊ <pyi: pyei> 完成，解决

**ပြီးပြည့်စုံ** က၊ <pyi: pyi' zon / pyi: pyei' zon> 十全十美，完满： သို့ရာတွင်စကားပြေလေ့လာရာတွင်ထိုမျှဖြင့် ～ ပြီဟုမဆိုသာပါ။ 在研究白话文时，仅仅如此不能说已经十全十美了。

**ပြီးပြတ်** က၊ <pyi: pyat> 完结： ပညာဆည်းပူးခြင်းအလုပ်သည် ～ သည်ဟူ၍မရှိပါ။ 学习无止境。/ ဒီကိစ္စ ～ အောင်လုပ်ပြီးမှလာခဲ့မယ်နော်။ 这事办完后我就会来的。

**ပြီးမြောက်** က၊ <pyi: myaut> 完成，成功： ဤလမ်းကြီး ～ သောအခါ 这条公路修成之后…… / အဘိဓာန်လုပ်ငန်းကြီး ～ လို့အထူးဝမ်းသာပါသည်။ 词典工作完成了感到特别高兴。

**ပြီးလွယ်စီးလွယ်** ကဝ၊ <pyi: lwe zi: lwe> = ပြီးစလွယ်

**ပြီးသား** ပ၊ <pyi: dha:> (口)……完了，……过了： ချုပ် ～ အင်္ကျီတထည်လိုချင်တယ်။ 想要一件成衣。/ ဖတ် ～ စာအုပ် 读过的书 / ကြား ～ သတင်း 已听到过的消息 / ဒါကသင် ～ ပါ။ 这是已经学过的。

**ပြီးသည့်နောက်** သ၊ <pyi: dhi' naut> = ပြီးနောက်

**ပြီးအေး** က၊ <pyi: ei:> 完事，了事，平息： ဤအမှုသည် ～ သွားပြီ။ 这案子已经了结。

**ပြု** က၊ <pyu'> ①做，干，搞： ကျမ်း ～ သည်။ 著书立说。/ ရှင် ～ သည်။ 出家当和尚。/ ဝေဖန်ခြင်း ～ သည်။ 进行批评。②根据，依据： အဘယ် ～ ၍မယူခဲ့သနည်း။ 为什么不带来呢? ③照料，体贴： သူနာ ～ 护士 / မူးပြီးသတိလစ်နေလို့ ～ ရတာပေါ့။ 醉得不省人事，当然得照料。④(合)在口语中加于动词之后不表示任何特殊意义： ထမင်းစား ～ ပြီးမှသွားပါ။ 吃了饭再去吧! / မတော်လို့လိမ့် ～ ကျမှဖြင့်။ 万一摔下来……

**ပြုကျင့်** က၊ <pyu' kyin'> ①遵循： သားသမီးတို့ ～ အပ်သောဝတ္တရားငါးပါး 子女应遵循的五项义务 ②(以身、口、心)干，作 ③犯(罪)： သားမယား ～ သည်။ 强奸。

**ပြုခင်းပြုဖွယ်** န၊ <pyu' gin: pyu' bwe> ①要办的事： ရုံးကိစ္စအပြင်အိမ်မှုဆိုင်ရာ ～ များကိုလုပ်ရသေးသည်။ 除了办公事外，还要搞些家务事。②要办的案子

**ပြုစား** က၊ <pyu' za:> 用巫术害人： စုန်း ～ တယ်။ 巫婆用巫术害人。

**ပြုစု** က၊ <pyu' zu'> ①照料，照顾： လိုလေသေးမရှိအောင် ～ သည်။ 照料得很周到。/ ～ စောင့်ရှောက်သည်။ 照料。/ ～ ပျိုးထောင်သည်။ 培养。②制定，编著，编辑： ငါးနှစ်စီမံကိန်းကို ～ ခဲ့ရာတွင် 在制定五年计划过程中…… / ～ ရေးသားသည်။ 编著。

**ပြုပြင်** က၊ <pyu' byin> ①修改，改良，整顿： မြေဆီလွှာ ～ ရေး 改良土壤 / အတတ်ပညာ ～ ဆန်းသစ်ရေး 技术革新 ②改造，改变： သရုပ်ပျက်လူငယ်များကို ～ ပေးလျှင်လူကောင်းကလေးများဖြစ်နိုင်ပါသည်။ 不良青少年经改造可以变好。

**ပြုပြင်ချက်** န၊ <pyu' byin gyet> 更正；修正案

**ပြုပြင်ပြောင်းလဲ** က၊ <pyu' byin pyaun: le:> 改革；改造： ～ ရေးသမား 改良主义者

**ပြုပြင်ရေးဂေဟာ** န၊ <pyu' byin yei: gei ha> 教养所

**ပြုပြင်ရေးသမား** န၊ <pyu' byin yei: dh-ma:> 改革家；革新者

**ပြုဖွယ်ကိစ္စ** န၊ <pyu' bwe keit sa'> 要干的事情，工作： ～ ဟူသမျှကိုပြီးစီးအောင်ဆောင်ရွက်သည်။ 把一切该做的事情做完。

**ပြုမူ** က၊ <pyu' mu> 作；行动

**ပြုလုပ်** က၊ <pyu' lout> 干，做，制造